**ကချင်ပြည်နယ်အစိုးရပညာရေးဌာန**

**ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့ နည်းဥပဒေများ**

**အမှတ် ၂၆၉**

**ရန်ကုန်မြို့၊ ၁၃၁၈ခု၊ နတ်တော်လဆန်း ၁၀ ရက်။**

**(၁၉၅၆ ခု၊ ဒီဇဘာ်လ ၁၂ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၂၆၉။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၇၄ အရ၊ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အောက်ဖေါ်ပြပါ ကချင်ပြည်နယ်ပညာရေးဝန်ထမ်းအဖွဲ့နှင့် စပ်လျဉ်း သော နည်းဥပဒေများကိုပြဋ္ဌာန်း၍၊ အများသိစေရန် ကျေညာလိုက်သည်။

**ပဌမပိုင်း**

**ခန့်ထားရေး**

ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့သို့ ခန့်ထားရန် စည်းမျဉ်းများနှင့် ရာထူး စည်းမျဉ်းများကို ပြဋ္ဌာန်းလိုက်သည်။

ဤစည်းမျဉ်းများသည်၊ ၁၉၅၆ ခု၊ စက်တဘာ်လ ၁ ရက် နေ့မှစ၍ အတည်ဖြစ်ရမည်။

၁။ ။ ကချင်ပြည်နယ် ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့တွင် အောက်ပါရာထူးများပါဝင်စေရမည် ဖြစ်ရာ နောက်ဆက်တွဲဇယားတွင် အသေးစိတ်ဖေါ်ပြထားပါသည်။

| | | | |
|---|---|---|---|
| (က) | လက်ထောက်ပညာဝန်ရာထူး | ... | ၂။ |
| (ခ) | အထက်တန်းကျောင်းအုပ်ဆရာကြီး | ... | ၇။ |

၂။ ။ ကချင်ပြည်နယ် ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့သို့ အောက်ပါအတိုင်းခန့်ထားရမည်။

**တိုက်ရိုက်ခန့်ထားခြင်း။**

(က) ဘီ၊ အေ၊ သို့မဟုတ် ဘီ၊ အက် (စ်) စီ၊ နှင့်ဘီ၊ အီးဒီ၊ အောင်မြင်သူများအား၊ ယခင်ကိုယ်ပိုင် ကျောင်း၊ သို့မဟုတ် အစိုးရကျောင်းများတွင် လုပ်သက်မှုထမ်း ရင့်ခဲ့ခြင်းများကိုထောက်ရှု၍ တိုက်ရိုက် အစမ်းခခန့် ထားခြင်း။

(ခ) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များမှ တိုးတက်ခန့်အပ်ခြင်း။

တိုးတက်ခန့်ထားခြင်း။

၃။ ။ သာမန်အားဖြင့် အဖွဲ့ဝင်ဦးရေအတွက် နေရာလပ် တနေရာလျှင် ၃၀%ကို အထက်ဖေါ်ပြပါ ၂ (က) အရ၊ အရည်အချင်းပြည့်စုံသူများမှ တိုက်ရိုက်ခန့်အပ်၍၊ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက် တန်း) အဖွဲ့ဝင်များမှ ၇၀% တိုးမြှင့်ခန့်အပ်လိမ့်မည်။ တိုက်ရိုက်ခန့်အပ်ရန် အရည်အချင်းနှင့်ပြည့်စုံ သော လျှောက်ထားသူများ လုံလောက်စွာ

မရှိလျှင် ပြည်နယ်ဥက္ကဋ္ဌသည်၊ လစ်လပ်သည့် ရာထူးများကို ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များမှ တိုးတက်ခန့်အပ်နိုင်သည်။

တိုက်ရိုက်ခန့်ထားခြင်းအတွက်လိုအပ်သော အရည်အချင်း။

၄။ ။ နည်းဥပဒေ ၂ (က) အရ၊ လျှောက်ထားသူများသည်-

(က) သတ်မှတ်ထားသော ပညာအရည်အချင်းနှင့်ပြည့်စုံရမည်။

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအပိုဒ် ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဃ) လျှောက်ထားသည့် ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ် ပြည့်ပြီးဖြစ်၍ ၄၅ နှစ်ထက် မကျော်လွန် စေရ။

(င) ကိုယ်ပိုင်ကျောင်းများ၊ သို့မဟုတ် အစိုးရကျောင်းများတွင် လုပ်သက်မှုထမ်းရွင့်ခဲ့ခြင်း၊ သို့မဟုတ် ပညာရေးဌာနတွင် အမှုထမ်းခဲ့ခြင်းသည်၊ အနည်းဆုံးပညာရေးဝန်ထမ်း (အောက်တန်း) နှင့် ညီမျှသော ရာထူးတွင် ၁၀ နှစ်ရှိရမည်။

(စ) ရွေးချယ်ခြင်းခံရသူသည်၊ ရာထူးခန့်ထားရန်အတွက် ကျန်းမာခြင်းနှင့် ညီညွတ်သည်ဟု သတ်မှတ် ထားသည့်ပုံစံတွင် ခရိုင်ဆရာဝန်က ထောက်ခံရမည်။

အမြဲတမ်း တိုးတက်ခန့်ထားခြင်းအတွက် လိုအပ်သောအရည်အချင်း။

၅။ ။ နည်းဥပဒေ ၂ (ခ) အရ၊ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့မှ တိုးတက် ခန့်ထား ခြင်းခံရသူသည်၊ ၎င်းဝန်ထမ်း (အောက်တန်း) အဖွဲ့တွင် အမြဲတမ်း ခန့်ထားခြင်းခံယူပြီးသူဖြစ် ပြီး ၎င်းဝန်ထမ်း (အောက်တန်း) အဖွဲ့တွင် အနည်းဆုံးလုပ်သက်မှုထမ်း ၁၀ နှစ်ပြည့်၍၊ ဘီ၊ အေ၊ သို့မဟုတ် ဘီ၊ အက်(စ်)စီ၊ သို့မဟုတ် ဘီ၊ အေ၊ (အီးဒီ၊)နှင့်ဘီ၊ အီးဒီ၊ အောင်မြင်ရမည်။

## ဒုတိယပိုင်း

## ရာထူးစည်းမျဉ်းများ

တိုက်ရိုက်ခန့်ထားခြင်း ခံရသူများအား အမြဲတမ်းခန့်ထားခြင်း။

၆။ ။ ခန့်ထားခြင်းခံရသူကို ယေဘုယျအားဖြင့် ဦးစွာ အစမ်းအဖြစ်ခန့်အပ်ရမည်။ အမြဲတမ်းခန့်အပ်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံရမည်။

(က) အစမ်းခန့်အဖြစ် ၂ နှစ်ပြည့်အောင်ဆောင်ရွက်ရမည်။

(ခ) မိမိ၏ အထက်အရာရှိများက အမြဲတမ်းခန့်အပ်ရန် သင့်တော်သည်ဟု ထောက်ခံရမည်။

၇။ ။ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) အရာရှိတဦးအား၊ အစမ်း ခန့်အချိန်အတွင်းရာထူးမှရပ်စဲနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ ပြန်လည်ချထားနိုင်သည်။ ယေဘုယျ အားဖြင့် သုံးစွဲနိုင်သည့် ဤအာဏာကို မထိခိုက်စေဘဲ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အရာရှိတဦးအား စတင်ခန့်အပ်သည့်အချိန်မှ ၃ နှစ်အတွင်း နည်းဥပဒေ ၇ အရ၊ အရည်အချင်းနှင့်မပြည့်စုံ၍ အမြဲတမ်းမရနိုင် လျှင် ရာထူးမှရပ်စဲစေနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ ပြန်လည်ချထားနိုင်သည်။

၈။ ။ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့ဝင်လစာနှုန်းထားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Myanmar Law Information System (MLIS)

(က) အရွေးအချယ်ခံတန်း ... ကျပ် ၈၀၀ - ကျပ် ၅၀ - ကျပ် ၁,၂၀၀။

(ခ) သာမန်လစာနှုန်း ... ကျပ် ၃၅၀ - ၂၅ ကျပ် - ကျပ် ၇၀၀။

အရွေးချယ်ခံတန်း သို့ အမြဲတမ်း တိုးတက်ခန့်ထားခြင်း။

၉။ ။ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အရွေးချယ်ခံတန်း) သို့ တိုးတတ်ခန့်ထားခြင်းသည်၊ ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) ၏ ဝါအနုအရင့်စာရင်းမှတ်စဉ်ကို ရာထူးခန့်ထားရေးအဖွဲ့ နှင့်တိုင်ပင်၍၊ ရာထူးခန့်ထားရေးအဖွဲ့၏ ထောက်ခံချက်ဖြင့်သာပြုလုပ်ရပါမည်။

၁၀။ ။ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့ဝင်အရာရှိများအား၊ မှတ်စဉ်သတ်မှတ်ပေး ရာ၌-

(က) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) သို့ တိုက်ရိုက်ခန့်ထားသူများအတွက် ယင်းအဖွဲ့ သို့စတင်ခန့်ထားသည့် **အစီအစဉ်အတိုင်း** မှတ်စဉ်သတ်မှတ်ရမည်။

မှတ်ချက်။ ။ အစီအစဉ်အတိုင်းဆိုသည်မှာ ရာထူးဝန်အဖွဲ့မှ ရွေးချယ်ခဲ့ပါက ၎င်းအောင်စာရင်းအရ၊ သို့မဟုတ် တက္ကသိုလ် စာမေးပွဲ အောင်စာရင်းအရကိုဆိုလိုပါသည်။

(ခ) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) မှကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက် တန်း) သို့ အမြဲတိုးမြှင့် ခန့်ထားခြင်းခံရသူများအတွက် ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက် တန်း) အဖွဲ့တွင် ခေတ္တစတင်ထမ်းရွက်သည့်အခါမှစ၍ ပြန်လည်လျှော့ချထားခြင်း မခံရဘဲ တဆက် တည်းဆောင်ရွက်ခဲ့သူများ ဖြစ်ပါက ထိုဝန်ထမ်းအထက်တန်းအဖွဲ့တွင် ခေတ္တ စတင်ထမ်းရွက်သည့် နေ့များ အစီအစဉ်အလိုက်မှတ်စဉ်သတ်မှတ်ရမည်။

၁၁။ ။ ဤနည်းဥပဒေများတွင် မပါရှိသော ရာထူးစည်းမျဉ်းများနှင့် စပ်လျဉ်း၍၊ ကချင်ပြည်နယ် ပညာရေးဝန်ထမ်း (အထက်တန်း) အဖွဲ့ဝင်များသည် ယေဘုယျအားဖြင့် အစိုးရ၏အလားတူ အတန်း အစားအရာရှိများလိုက်နာရသော အခြားစည်းမျဉ်းများအတိုင်း ဖြစ်စေရမည်။

အမိန့်အရ၊
မောင်ဇင်၊
ဒုတိယအတွင်းဝန်၊ ကချင်ပြည်နယ်အစိုးရ။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား (နည်းဥပဒေများအပိုဒ် ၁ အရ) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အထက်တန်း) နည်းဥပဒေနှင့်အကျုံးဝင်သောရာထူးများ

Myanmar Law Information System (MLIS)